ဇန္နဝါရီ(၁)

## ကျွန်ုပ်တို့သည်အကောင်းဆုံးလက်များထဲ၌ရှိနေသည်။

ငါ **တစ်**နှစ်တာ၏တံခါးဝ၌ရပ်နေသောသူအား ကျွန်ုပ်က "ကျွန်ုပ်မသိကျွမ်းသေးသည့် နယ်မြေအတွင်း ချင်းနင်းဝင်ရောက်ရန် အလင်းပေးပါ" ဟုပြောခဲ့ရာ ထိုသူက "အမှောင်ထုအတွင်းသို့ ဝင်ရောက်ကာ သင့်လက်အား ဘုရားသခင်၏ လက်တော်ထဲသို့ ထည့်လိုက်ပါ။ ထိုသို့ပြုခြင်းသည် သင့်အတွက် အလင်းထက်ပို၍ကောင်းပြီး သိကျွမ်းသောလမ်းထက်ပို၍ လုံခြုံစိတ်ချရသည်" ဟု ပြန်လည် ဖြေကြားခဲ့သည်။

အနာဂတ်က မိမိတို့အတွက်မည်သို့သော အရာများထားရှိထားသည်ကို မသိနိုင်ကြသော်လည်း ထိုအနာဂတ်ကို မည်သူက ဆုပ်ကိုင်ထားကြောင်းကို မိမိတို့ သိကြသည်။ မိမိတို့သိရှိရန်လိုအပ်သည့် အရာများကို ကျွန်ုပ်တို့အား သခင်ဘုရားက ပြောပြသလို တစ်ခါတစ်ရံ မိမိတို့သိချင်သည့်အရာများကို သူကပြောပြသည်။ သို့သော်များသောအားဖြင့် အနာဂတ်ပေါ်သို့ ဇာပဝါဖြင့် ဖုံးလွှမ်းထားသောကြောင့်ထိုအရာက ကျွန်ုပ်တို့ကိုသခင်ဘုရားနှင့်အမှန်တကယ်ပင်နီးကပ်စေသည်။ သူသည် ကျွန်ုပ်တို့ကိုမစွန့် အလျင်းပစ်၍မထားဟု ဂတိတော်ရှိ၏။ (ဟေဗြဲ ၁၃း၅)

"ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်။"(မဿဲ ၂၈း၂၀) မိမိတို့လမ်းမည်သည့်အရပ်သို့ ဦးတည်နေကြောင်းပြသရန်အတွက် သူ၏ နှုတ်ကပတ်တော်ဆိုင်ရာ မီးရှူးတန်ဆောင်ကိုလည်း ကျွန်ုပ်တို့အားပေးထားသည်။ "နှုတ်ကပတ်တော်သည် ကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏။" (ဆာလံ ၁၁၉း၁၀၅)

သခင်ယေရှုအတွက် ငါပူပန်မှုမရှိတော့ပြီ၊
ရှေ့တွင်ဘာရှိကြောင်းကို သူသိနေသောကြောင့်
ယနေ့သူနှင့်ကပ်လျက် ငါလျှောက်လှမ်းမည်။
မနက်ဖြန်နှင့်ဆိုင်သော အရာပေါင်းများစွာကို
ငါမသိနိုင်သလို ဖြစ်နေသော်ငြားလည်း
မနက်ဖြန်က မည်သူ့လက်ထဲရှိကြောင်းနှင့်
ငါ၏လက်ကို မည်သူကိုင်ထားကြောင်းကို ငါသိသည်။

၁။ Minnie Louise Haskins ( 1875 -1957)
၂။ Ira Stanphill (1914 - 1994)